# ကာဗျာစုစည်းမှု

တိမ်ညို



စာရေးဆရာ-တိမ်ညို

No.4 Patient

အခန်းထဲမှာ

မီးခိုးငွေ့တွေအူနေတယ်။

ပန်းပေါင်းရနံ့စုံနဲ့

ကမ္ဘာသစ်ထဲဒိုင်ဗင်ထိုးချခဲ့။

လူတွေက

ရှောင်ဖယ်လေလေ

ခဲပြားတွေပိုလိုလေလေ။

ကျဉ်းကျပ်တဲ့

စိတ်နံရံရဲ့အပြင်ဘက်မှာ နိဗ္ဗာန်တံခါးတစ်ခု တွေ့ရတယ်။

ချောင်တစ်ချောင်ရဲ့အရိပ်နဲ့

အထီးကျန်ခြင်းဆိုတာ

အဖော်မွန်ကောင်းပဲ။

မာရ်နတ်ဟာ

ချမ်းသာရေးတမန်တော်တွေအဖြစ်

informer နဲ့ ကြွက်တွေကို

ခန့်အပ်တယ်။

ဝက်ပါလမ်းကြောင်းထဲ

ငယ်ရွယ်မှုတွေ

အဆိပ်သင့်သေဆုံးရ။

၂၃ ရက်နေ့မှာ

ငွေစက္ကူပေါ်

အရောင်တွေ စွန်းထင်းရ။

အားပေးနှစ်သိမ့်မှုတွေ

သွေးဆုံးနေတဲ့အခါ

စိတ်ရဲ့ပျိုလွင်မှုဟာ

ဥတုမလာတော့ဘူး။

ကူရာမဲ့တဲ့

လက်တစ်စုံဟာ

မျက်ကွင်းနက်ကြီးတွေနဲ့

ပျံ့ဝဲနေတုန်းပဲ။

***

## ဖွင့်ဟ ဝန်ခံခြင်း

အတန်းတွေပြီးဆုံးခါနီးလို့

အော်တိုစာအုပ်လေးတွေ

ရေးခိုင်းကြတဲ့ထဲ

မှတ်မိနေဆဲ မေးခွန်းတစ်ခုက

"ဘဝမှာ အကြောက်ဆုံးအရာကိုရေးပါ" တဲ့။

ကျွန်တော်လည်း

ရိုးရိုးသားသားနဲ့ကို ချရေးခဲ့လိုက်ပါတယ်။

လူ…လို့။

18.8.21 (12:49 PM)

***

## လူ

အချိုကို မကြိုက်ကြတာလည်း

သူတို့ပဲ။

သကြားကို နှစ်ခြိုက်ကြတာလည်း

သူတို့ပဲ။

14.8.21 (4:59 PM)

***

## မှုန်ပျပျ ညည်းတွားခြင်း

ဘယ်အရာမှ မတည်မြဲဘူးဆိုတဲ့

လောကထဲ

မတည်မြဲတဲ့အရာတွေကျ

ဘာလို့များ တည်မြဲနေရတာလဲ

ဘုရားသခင်ရယ်။

19.8.21 (7:53 PM)

***

## The Best Happiness

ကိုယ့်ကိုယ်ကိုယ်

ပြန်လည်ဖမ်းဆုပ်မိတဲ့

အခိုက်အတန့်လောက်

ဘာကများပို၍ ပို၍

ပျော်စရာကောင်းဦးမှာလဲ

အဆွေလောကခံရယ်။

19.8.21 (8:39 PM)

***